# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# e-NEWSLETTER

VOL.5, N0.5
May 2026


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိတ်ဆက်အမှာစကားပြောကြားခြင်း





ဧပြီလ ၂၀ ရက်

နိုင်ငံတော်သမ္မတရုံး၏ ၁၀-၄-၂၀၂၆ ရက်စွဲပါ ရုံးအမိန့်အမှတ်၊ ၃၀/၂၀၂၆ ဖြင့် ပြန်လည် ဖွဲ့စည်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ကော်မရှင်အဖွဲ့ဝင် (၁၀) ဦး တို့သည် ၂၀-၄-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကားနှင့် မိတ်ဆက်စကား ပြောကြားပါသည်။ ထို့နောက်ကော်မရှင်အဖွဲ့ဝင် (၁၀)ဦးက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက မိတ်ဆက်စကားပြောကြားပါသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဌာနများသို့ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုခဲ့ပါသည်။


စာ ၂




စီးဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း


စာ ၄




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့်ဇနီး မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း


စာ ၄




၁၃၈၈ ခုနှစ် မြန်မာ့နှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကျင်းပခြင်း


စာ ၅




အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်း အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပါဝင်တက်ရောက်ခြင်း


စာ ၆




ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဧပြီလ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄/ ၂၀၂၆) ကို ၂၄ – ၄ – ၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## မီးဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြခြင်း





ဧပြီလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြ ပြုလုပ်ဆောင်ရွက်ခြင်းကို ၂၇–၄–၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်း (၈၃)ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားအစီအစဉ်အရကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းကအဖွင့်အမှာစကားပြောကြားရာတွင် လူသားများနေထိုင်တဲ့ ကမ္ဘာကြီးမှာ လူသားတွေရဲ့ အခွင့်အရေးနဲ့ ဆက်စပ်လျက် ရှိတဲ့ Climate Change ကြောင့် လူသားရင်းမြစ်များအတွက် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာထိခိုက်ပျက်စီးမှုများ ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုများ ထိခိုက်နစ်နာမှုများမှာ ကြီးမားစွာ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီ ကူးပြောင်းရောက်ရှိချိန် မီးလောင်မှုများစွာ ဖြစ်လေ့ဖြစ်ထရှိသည့်အတွက်ကြောင့် အချိန်မရွေး ရာသီမရွေး နိုင်ငံတော်ပိုင် အဆောက်အဦများ၊ ပြည်သူလူထု၏ အိုးအိမ်တိုက်တာ အဆောက်အဦများ မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်သည့်အတွက် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းဖြစ်တဲ့ မီးဘေးလုံခြုံရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဝန်ထမ်းများသာ တာဝန်ရှိသည် မဟုတ်ဘဲ ပြည်သူလူထုအားလုံးကလည်း မီးဘေးလုံခြုံရေး အသိ၊ သတိဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာ မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ကြိုတင်တားဆီးဖို့ လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောရာတွင် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်းနှင့် ပစ္စည်းကိရိယာများ၊

မီးသတ်ဆေးဗူး အသုံးပြုခြင်း၊ မီးလောင်ကျွမ်းမှု အမျိုးအစားများ၊ မီးဘေးလုံခြုံရေးအတွက် ဝန်ထမ်းများလိုက်နာရမည့် အချက်များ၊ မီးဘေးလုံခြုံမှုနှင့် အကြံပြုချက်များ၊ မီးလောင်မှုဖြစ်လျှင် လိုက်နာရမည့်အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

အခမ်းအနားအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံး တာဝန်ရှိသူများက လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဆက်လက်ပြသရာ ကော်မရှင်ရုံးအရာထမ်း အမှုထမ်းများက မီးငြိမ်းသတ်ခြင်းကို စနစ်တကျ လေ့ကျင့်ခဲ့ပြီး အခမ်းအနားကို ၁၁:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၃၀ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများမြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့အရ အောက်ပါပုဂ္ဂိုလ်များပါဝင်သော **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသစ်လင်းအုန်း | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ မြင့်သူမြိုင် | အဖွဲ့ဝင် |
| (၃) | ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်း | အဖွဲ့ဝင် |
| (၄) | ဦးသန်းဝင်း | အဖွဲ့ဝင် |
| (၅) | ဦးတင်ကိုကို | အဖွဲ့ဝင် |
| (၆) | ဦးအုန်းခိုင် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ နုနုရီ | အဖွဲ့ဝင် |
| (၈) | ဒေါ်စန္ဒာ | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ ဆွေဆွေအောင် | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာ တင်ငွေးအိ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ ဥမ္မာကျော် | အဖွဲ့ဝင် |

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

e-Newsletter, Vol. 5, No. 5, May 2026

**"Human Rights are women's rights and women's rights are human rights"**

**"လူ့အခွင့်အရေးဆိုသည်မှာ အမျိုးသမီးများ၏ အခွင့်အရေးဖြစ်ပြီး အမျိုးသမီးများ၏ အခွင့်အရေးဆိုသည်မှာလည်း လူ့အခွင့်အရေးပင်ဖြစ်သည်"**

Hillary Clinton

## တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း





ဧပြီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဥမ္မာကျော်နှင့် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒ ဖော်ထုတ်ပွဲ အခမ်းအနား ပထမပိုင်းကို ၂၈ – ၄ –၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် စီမံ/ဘဏ္ဍာ ဘာသာရပ်ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဥမ္မာကျော်က မိတ်ဆက်စကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေး နှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေး ခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားပါသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အရ ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် ( ၄/၂၀၂၆ ) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေး နှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေး ခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ( ၈၆ ) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၅:၅၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့်ဇနီး မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း





ဧပြီလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ဇနီး ဒေါ်မေစန်းသိန်းတို့သည် ၃၀-၄-၂၀၂၆ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ် တော်ပရိဝုဏ် အတွင်းရှိ အဂ္ဂါမိ ပတိသာသနဒ္ဓ ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ် အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မင်္ဂလာအခမ်းအနား နှင့် ယင်းနေ့ ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက် အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



ဧပြီလ ၂ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၆) ကို ၂-၄-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အလှည့်ကျကော်မတီဝင်များ ဖြစ်ကြသည့် ဒေါက်တာ သန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ညွှန်ကြားရေးမှူးချုပ် တို့ တက်ရောက်ခဲ့ကြပါသည်။

## ၁၃၈၈ ခုနှစ် မြန်မာ့နှစ်ဆန်း (၁) ရက်နေ့နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကျင်းပခြင်း



ဧပြီလ ၁၇ ရက်

၁၃၈၈ ခုနှစ် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာ ယူပွဲအား ၁၇-၄-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ပရိတ်တရားတော်နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း



ဧပြီလ ၂၃ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက် လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ၂၁-၄-၂၀၂၆ ရက်နေ့မှ ၂၃-၄-၂၀၂၆ ရက်နေ့ အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များနှင့်တိုးတက်အောင်မြင်မှုများ၊အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေး ကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသောဖိုရမ်အဖွဲ့ဝင်အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသော စွမ်းအင်အကျပ်အတည်းများကြောင့် လူ့အခွင့်အရေး ကျင့်သုံးခံစားမှုအပေါ် သက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ်အနေဖြင့် ပြင်ပ အဖွဲ့အစည်းများနှင့်ပတ်သက်သည့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဖိုရမ်၏ မဟာဗျူဟာ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (SCWG) ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလ အတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးခဲ့ပါသည်။ ထို့နောက် SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များအနက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင်လူ့အခွင့်အရေးမြှင့်တင်ရန်နှင့်ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေကို ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့ပါသည်။

ထို့နောက် "လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကာကွယ်ခြင်း – Defending the Defenders" ခေါင်းစဉ်ဖြင့် ဆက်စပ်ဆွေးနွေးပွဲကို ၂၂-၄-၂၀၂၆ ရက်နေ့ နေ့လယ်ပိုင်းတွင် ဆက်လက် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အရှေ့တောင်အာရှရှိ ကလေး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အပါအဝင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊၎င်းတို့၏ လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသော ဘေးအန္တရာယ်များနှင့် ဖိအားများအပေါ် အပြန်အလှန် ဆွေးနွေးခြင်း၊ လူ့အခွင့်

အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ် စောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့တွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်း ကဏ္ဍ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် အကာအကွယ်နှင့် ပံ့ပိုးမှုများ ပိုမိုခိုင်မာ အားကောင်းစေမည့် မဟာဗျူဟာများ ဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် အခြားသက်ဆိုင်သူများအကြား အတွေ့အကြုံများနှင့် ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို အပြန်အလှန်ဆွေးနွေးခြင်းနှင့် အုပ်စုလိုက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ကော်မရှင်မှ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ဖိုရမ်၏ ဒုတိယမြောက် ဆက်စပ်ဆွေးနွေးပွဲကို “လူ့အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုဖိုရမ် (၂၀၂၆) – Forum on Human Rights, Business, and Climate Justice 2026” ခေါင်းစဉ်ဖြင့် ၂၃-၄-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် “ကြေညာစာတမ်းအဆင့်မှသည် လက်တွေ့လုပ်ဆောင်မှုအဆင့်သို့ အာဆီယံ မူဘောင်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း – From Declaration to Action: Operationalizing the ASEAN Framework”၊ “အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး – Business and Human Rights (BHR) in ASEAN”၊ “နယ်စပ်ဖြတ်ကျော် ရာသီဥတုဆိုင်ရာ တရားမျှတမှု – Transboundary Climate Justice”၊ “ရာသီဥတုဆိုင်ရာ တရားမျှတမှု – အပြန်အလှန်ဆက်နွယ်နေသော မညီမျှမှုများကို ဖြေရှင်းဆောင်ရွက်ခြင်း – Climate Justice: Addressing Intersecting Inequalities” စသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ကော်မရှင်မှ ပါဝင်ဆွေးနွေးခဲ့ပါသည်။



## ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဧပြီလ ၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်း လမ်းညွှန် အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်းအမှတ်စဉ် (၁၉) သို့ ၁-၄-၂၀၂၆ ရက်နေ့ တွင် ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်း၌ အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်တာဝန်အရ လုပ်ငန်းများဆောင်ရွက်ရာတွင် အကျဉ်းသားများ၏ အခြေခံရပိုင်ခွင့်နှင့် လူသားဂုဏ်သိက္ခာကို လေးစားတတ်စေရန် ရည်ရွယ်၍ လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ၄၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဧပြီလ ၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော စခန်းမှူး သင်တန်းအမှတ်စဉ် (၇၁) သို့ ၉-၄-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့် အရေးအသိပညာပေး ဘာသာရပ် သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်လာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း



ဧပြီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည် အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို မြန်မာဘာသာဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး လုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု၏လုပ်ငန်းဆောင်ရွက်ချက်များပါဝင်ပါသည်။ကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောပွဲ (၆) ကြိမ်၊ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှု (၇၄) ကြိမ်၊ သတင်းထုတ်ပြန်ချက် (၁၇) ခုနှင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး စာအုပ်စာတမ်းများ၊ စာစောင်များ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကော်မရှင်၏ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်ပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် တိုင်စာများစုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်း၊ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၂၁) ခု၊ လူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကျောင်း၊ ဘိုးဘွားရိပ်သာ (၁၀) ခုတို့သို့ သွားရောက် စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း (၃၂၆) ချက်ကို သက်ဆိုင်ရာဌာန များသို့

ပေးပို့ခြင်းတို့ ပါဝင်ပါသည်။ လူ့အခွင့်အရေးဘာသာရပ်နှင့် သိမှတ်ဖွယ်ရာဘာသာရပ်များကို သုတေသနပြုခြင်း၊ အသိပညာမျှဝေဆွေးနွေးခြင်းများလည်းပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည် စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်လုပ်ငန်းစီမံချက်များ ချမှတ် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို ယခု ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ညွှန်းတင်ပြထားပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့လည်းကောင်း ပေးပို့နိုင်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း






ဧပြီလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ အတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် "ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်နေ့" အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ကာတွန်း




| | | |
|---|---|---|
| အမည် | – | ဦးအောင်ချမ်း |
| ကလောင်အမည် | – | ရောင်စဉ် |
| ရာထူး | – | ဦးစီးအရာရှိ |
| ဌာန | – | လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန |

# တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း တိုင်ကြား စာ (၁၈) စောင် စိစစ် ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားစာ (၁) စောင်ကို လိုအပ်သလိုစိစစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားစာ (၂) စောင်ကို ကာယ ကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားစာ (၇) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (က) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ယခင် ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင် ရွက်ရန်ကျန်ရှိသည့် တိုင်ကြားစာ (၈) စောင်ရှိပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

| | | |
|---|---|---|
| ဧပြီ ၁ | - | ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ။ |
| ဧပြီ ၂ | - | ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊ |
| ဧပြီ ၉ | - | ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ။ |
| ဧပြီ ၁၇ | - | ၁၃၈၈ ခုနှစ် မြန်မာ့နှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကျင်းပခြင်း၊ |
| ဧပြီ ၂၀ | - | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိတ်ဆက်အမှာစကားပြော ကြားခြင်း၊ |
| ဧပြီ ၂၃ | - | အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း၊ |
| ဧပြီ ၂၄ | - | ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ |
| ဧပြီ ၂၇ | - | မီးဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြခြင်း၊ |
| ဧပြီ ၂၈ | - | တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊ |
| ဧပြီ ၂၈ | - | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ |
| ဧပြီ ၂၉ | - | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း၊ |
| ဧပြီ ၃၀ | - | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့်ဇနီး မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း၊ |

********

# ENGLISH SECTION

Vol. 5, No. 5, May 2026

## MNHRC Gives Human Rights Lecture at Staff Training School (Mandalay)

April 1

The Myanmar National Human Rights Commission (MNHRC) is steadfastly conducting to effectively implement the promotion and protection of human rights as enshrined in Section 22 (a) of the Commission Law. The Commission is implementing its activities aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

Daw Mi Mi Khaing, Deputy Director of the Commission office focused the lectures on human rights at the Assistant Supervisor-1 Course No. (19) held at the Staff Training School (Mandalay) of Prison Department on 1 April 2026 from 12:00 to 16:00. The lecture aimed to ensure the fundamental rights and human dignity of the inmates are respected by prison officers while carrying out their duties and responsibilities. The lecture included Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. The lecturer responded to the trainee questions. A total of 49 officers attended the aforementioned course.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

April 9

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Deputy Director Daw Mi Mi Khaing of the Commission office presented the lectures on human rights at the Police Station Officer Course No. (71), hosted by the Police Officer Tactical Training Institute (Mandalay) on 9 April 2026 from 07:30 to 09:50. In this context, the Deputy Director covered the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission with the aim to develop police officers who uphold human rights while carrying out law enforcement activities. Following the lectures, the lecturer accepted the questions from the trainees. A total of 100 officers attended the course mentioned above.

## Myanmar National Human Rights Commission attends the First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum and Side Events

April 23

The First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum (SEANF), 2026 was held in hybrid format from 21 to 23 April, 2026, hosted by the Human Rights Commission of Malaysia (SUHAKAM), the alternate chair of the Forum in Kuala Lumpur, Malaysia.

Representatives from SEANF member National Human Rights Institutions, namely Human Rights Commission of Malaysia (SUHAKAM), Commission on Human Rights of the Philippines (CHRP), National Human Rights Commission of Thailand (NHRCT), and Provedor for Human Rights and Justice of Timor-Leste (PDHJ), attended the meeting in-person. Meanwhile, representatives

from the Indonesia National Commission on Human Rights (Komnas HAM) as well as Commission member U Win Hlaing Oo, the Deputy Director General of the Commission's Office, the Director of the International Relations Division, and staff from the Myanmar National Human Rights Commission (MNHRC), participated in the meeting via Video Conferencing.

During the meeting, participants discussed, a range of topics, including updates on major developments and activities since the 22nd SEANF Annual General Meeting, as well as the implementation progress of the five priority areas of 2022–2026 SEANF Strategic Plan by the respective lead commissions. The discussions also covered the Impact of armed conflict and the related energy crises on the exercise and enjoyment of human rights in the region, the forum's response to external communications, updates from the SEANF Strategic Communications Working Group (SCWG), and discussed the necessary arrangements and preparations for the successful convening of the Second Technical Working Group Meeting and the 23rd SEANF Annual General Meeting.

At the meeting, U Win Hlaing Oo, Commissioner of the MNHRC presented the major developments and activities of MNHRC on promotion and protection of human rights since the 22nd Annual General Meeting of the SEANF. Dr. Khine Khine Win, Deputy Director General of the Commission Office also shared updates on the MNHRC's leadership in Priority No. 2 of the SEANF Strategic Plan: "Promoting and Protecting Human Rights in Business."

Subsequently, a side event titled "Defending the Defenders" was held on the afternoon of 22 April, 2026.

During the side event, participants engaged in panel discussions and group discussions regarding the challenges faced by human rights defenders in Southeast Asia, including child rights defenders, as well as the risks and pressures they encounter in their work. The session also focused on the role of National Human Rights Institutions (NHRIs) in protecting and supporting human rights defenders, while NHRIs, civil society organizations, and other stakeholders shared experiences and good practices to develop strategies for strengthening protection and support for human rights defenders. The Commission also actively participated in these discussions.

The forum's second side event, titled the "Forum on Human Rights, Business, and Climate Justice 2026," was held on 23 April, 2026.

At the event, the discussions were held under the themes: From Declaration to Action: Operationalizing the ASEAN Framework, Business and Human Rights (BHR) in ASEAN, Transboundary Climate Justice, and Climate Justice: Addressing Intersecting Inequalities, in which the Commission participated and contributed.

## Status of Handing Complaints

During April 2026, MNHRC received 18 Complaints. The complaint investigation team held 3 complaint screening meetings for examining the complaints and 1 complaint were referred to the departments concerned. In 2 cases, the complainants were advised on more appropriate remedies. The 7 cases were recorded in accordance with the MNHRC Law. 8 complaints remain in April.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

**e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။**
**e-government@mnhrc.org.mm**